**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

**DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)**


အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


## နိုင်ငံတကာအမျိုးသမီးများနေ့ သဘောထားထုတ်ပြန်ချက်

## (၃ / ၂၀၁၈)

၁။ ၂၀၁၈ ခုနှစ်၊ မတ်လ (၈) ရက်နေ့သည် ကမ္ဘာ့ကုသမဂ္ဂမှ အသိအမှတ်ပြုပေးခဲ့သည့် မြန်မာ့အမျိုးသမီးများအပါအဝင် ကမ္ဘာ့အမျိုးသမီးထုအတွက် အလွန်အရေးပါသော နိုင်ငံတကာအမျိုးသမီးများနေ့ ဖြစ်သည်။

၂။ ၁၉၉၇ ခုနှစ် ဇူလိုင် (၂၂) ရက်နေ့တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှု ပပျောက်ရေး သဘောတူညီချက်စာချုပ် (CEDAW) ကို မြန်မာနိုင်ငံအစိုးရက လက်မှတ်ရေးထိုးခဲ့သော်လည်း အပိုဒ် (၂၉) ကို ခြွင်းချက်ထား၍သာ ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အနှစ် (၂၀) ကျော်ကာလအတွင်း မြန်မာနိုင်ငံအစိုးရ၏ အစီရင်ခံချက်များအရပင်လျှင် စီဒေါသဘောတူညီချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း သုံးသပ်တွေ့ရှိရသည်။ အပိုဒ် (၂၉) အား ခြွင်းချက်ထား လက်မှတ်ရေးထိုးထားသည့်အတွက် အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ခံရမှု ပပျောက်ရေးကို တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် လုပ်ဆောင်လာရေးအတွက် ဝိုင်းဝန်းတည့်မတ်ထိန်းကျောင်းရန် အခွင့်အလမ်းမသာစေသည့် အခြေအနေ ဖြစ်ပေါ်စေသည်ဟု မိမိတို့အနေဖြင့် သုံးသပ်မိပါသည်။

၃။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီထွန်းကားရေးအတွက် အကောင်အထည်ဖော် လုပ်ဆောင်ရာတွင် အမျိုးသမီးအခွင့်အရေးစာချုပ်စာတမ်းကို ခြွင်းချက်မရှိ လက်မှတ်ထိုးရန်နှင့် မြန်မာလူ့အသိုင်းအဝိုင်းတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး အမြန်ဆုံး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည်ဟု မိမိတို့က လေးလေးနက်နက် ယုံကြည်ပါသည်။

၄။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာအမျိုးသမီးများနေ့ (မတ်လ ၈ ရက်)ကို ဂုဏ်ပြုသည့်အနေဖြင့် ဤနေ့ရက် ဤအခါသမယတွင် စီဒေါ (CEDAW) စာချုပ်ကို ခြွင်းချက်မထားရှိဘဲ ပြည့်စုံစွာ လက်မှတ်ရေးထိုးပါရန် (တနည်း) အပိုဒ် (၂၉) အား ခြွင်းချက်ထားရှိခဲ့ခြင်းကို ပယ်ဖျက်မည်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ အကြောင်းကြားစာပေးပို့ရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အမျိုးသမီးလုပ်ငန်းကော်မတီက အလေးအနက် တိုက်တွန်းတောင်းဆိုအပ်ပါသည်။


**အမျိုးသမီးလုပ်ငန်းကော်မတီ**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**


**၂၀၁၈ ခုနှစ်၊ မတ်လ (၅) ရက်။**


<u>ဆက်သွယ်ရန်</u>

ဒေါ်နှင်းနှင်းမွှေး - ၀၉၇၆၅၀၀၁၁၈၀

ဒေါ်နီးနီးထက်စံ - ၀၉၇၉၅၂၅၆၀၆၈

သက်ဖွန်လင်းထင် - ၀၉၇၉၆၈၂၁၁၈၄